IPCM

# CODE OF CONDUCT

# သတင်းမီဒီယာကျင့်ဝတ်

By

လွတ်လပ်သော မြန်မာ

သတင်းမီဒီယာကောင်စီ

FIRST EDITION

(2024)

## နိဒါန်း

လွတ်လပ်သော မြန်မာ သတင်းမီဒီယာကောင်စီ (Independent Press Council - Myanmar)ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ပြည်တွင်းပြည်ပမှ လွတ်လပ်သော မြန်မာ သတင်းမီဒီယာအဖွဲ့များ၊ ဂျာနယ်လစ်များဖြင့် ညီလာခံ ကျင်းပကာ ဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ အာဏာသိမ်းပြီးနောက် ယိုယွင်းကျဆင်းသွားသော မြန်မာနိုင်ငံတွင်း သတင်းစာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့အတွက် ဆက်လက်လုပ်ဆောင်သွားရန်နှင့် သတင်းအမှားများကို အာဏာသိမ်းစစ်ကောင်စီအလိုကျ ပြည်တွင်းပြည်ပတွင် ဖြန့်ချိနေသည့် စစ်ကောင်စီလက်အောက်ခံ မီဒီယာအဖွဲ့အစည်းများ၏လုပ်ရပ်တို့ကို စုပေါင်းကန့်ကွက်ရန် စသည့် အခြေခံအချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယခု သတင်းမီဒီယာကျင့်ဝတ်လမ်းညွှန်စာတမ်းကို ယခင် မီဒီယာကျင့်ဝတ်ပါအချက်အချို့ကို မပစ်ပယ်ဘဲ လက်ရှိခေတ်ကာလ နိုင်ငံရေးအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် IPCM ပြန် လည် မွမ်းမံပြုစုထားသည်။

ဤသတင်းမီဒီယာကျင့်ဝတ်သည် မြန်မာနိုင်ငံ ပြည်တွင်းပြည်ပ ရှိလွတ်လပ်သောသတင်းဌာနများ လိုက်နာကျင့်သုံးဆောင်ရွက်သင့် သည့် စံချိန်စံညွှန်းများကို ဖော်ပြခြင်းဖြစ်သည်။

ဤလမ်းညွှန်စာတမ်းသည် ၁၉၄၈ ကုလသမဂ္ဂ နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ အပိုဒ် ၁၉ တွင် ဖော်ပြထားသော လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခြင်း အခြေခံအခွင့်အရေးကို မူလ အခြေခံအဖြစ် သတ်မှတ်သည်။ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၉ တွင် အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။

“လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်ကြံဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ရှိသည်။ ထိုအခွင့်အရေးများတွင် နှောင့်ယှက် ဟန့်တားခြင်း တစုံတရာမရှိဘဲ လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့်နှင့် နယ်နိမိတ်စည်းမျဉ်းများနှင့် မသက်ဆိုင်စေဘဲ မည်သည့် မီဒီယာမှ မဆို သတင်းအချက်အလက်များနှင့် စိတ်ကူးစိတ်သန်း များကို လွတ်

လပ်စွာ ရှာဖွေခွင့်၊ လက်ခံရယူခွင့်၊ တဆင့် လွှဲပြောင်း ပေးခွင့်တို့ ပါဝင်သည်။"

သို့ရာတွင် ထိုအခွင့်အရေးမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့် တစ်ခုတည်းမဟုတ်ဘဲ လက်ခံနားထောင်သူ၏အခွင့်အရေးများနှင့် အချို့သော တာဝန်ယူမှုများကိုလည်း ထည့်သွင်းသတ်မှတ်ထားသည်။ တာဝန်မဲ့သော၊ ကျင့်ဝတ်နှင့်မညီသော လုပ်ကိုင်ဆောင်ရွက်မှုများသည် သတင်းလွတ်လပ်ခွင့်ကို ဆိုးဆိုးဝါးဝါးထိခိုက်စေနိုင်သည်။ ထို့ကြောင့် သတင်းမီဒီယာများအနေဖြင့် ပရော်ဖက်ရှင်နယ်ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်းလိုက်နာရန် လိုအပ်သည်။ သတင်းမီဒီယာများအနေနှင့် တိကျမှု၊ ဟန်ချက်ညီမှု၊ မျှတမှု၊ တစ်ပါးသူကိုလေးစားမှု စသည့် တာဝန်များရှိနေပြီး ပြည်သူလူထု၏ သတင်း သိရှိပိုင်ခွင့်ကိုလည်း အာမခံချက်ပေးရသည်။

ယခု ကျင့်ဝတ်လမ်းညွှန်စာတမ်းတွင် အထက်ပါ တာဝန်ယူမှုများအတွက် စံချိန်စံညွှန်းများကို သတ်မှတ်ပေးသလို တသီးပုဂ္ဂလအခွင့်အရေးများကို ကာကွယ်ခြင်း၊ ပြည်သူလူထု၏ သတင်းရပိုင်ခွင့်ကို ဖြည့်ဆည်းပေးခြင်းနှင့် သတင်းလွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ခြင်း စသည်တို့အတွက် စံနှုန်းများလည်း ပါဝင်သည်။ ဤလမ်းညွှန်စာတမ်းသည် ဒီမိုကရေစီ ဗဟုဝါဒကို ထင်ဟပ်ပြီး ထိုဗဟုဝါဒ

ရှင်သန်ရေးတွင် သတင်းမီဒီယာများ ထမ်းရွက်ရသော အခန်းကဏ္ဍကိုလည်း မီးမောင်းထိုးပေးရန် ရည်ရွယ်သည်။

သတင်းမီဒီယာကျင့်ဝတ် လမ်းညွှန်စာတမ်းသည် သတင်းတည်းဖြတ်မှုနှင့် မီဒီယာများတွင် ပုံနှိပ်ထုတ်လွှင့်သည့် အကြောင်းအရာပိုင်းများနှင့်ပတ်သက်ပြီး ကောင်စီက လက်ခံကျင့်သုံးမည့် စံချိန်စံညွှန်းများကို ပြဌာန်းသတ်မှတ်ပေးသည်။ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာလောက၏ မိမိဘာသာထိန်းညှိမှုစနစ် (Self regulation) ကို ကျင့်သုံးမှု ပိုမိုခိုင်မာအားကောင်းလာစေရန် တာဝန်ရှိသည်။ ထို့အတွက် သတင်းမီဒီယာများနှင့်ပတ်သက်ပြီး ကန့်ကွက်တိုင်တန်းမှုများကိုယခုလမ်းညွှန်စာတမ်းပါစံချိန်စံညွှန်းများဖြင့် ကိုင်တွယ်ဆောင်ရွက် သွားမည်ဖြစ်သည်။

ဤလမ်းညွှန်စာတမ်းသည် သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ တီဗွီနှင့် အွန်လိုင်းသတင်းစာမျက်နှာအားလုံးနှင့် သက်ဆိုင်အကျုံးဝင်မှုရှိသည်ဟု မှတ်ယူနိုင်သည်။

□

# သတင်းဌာနများ၏ တာဝန်ဝတ္တရားများ

သတင်းဌာနများအားလုံးမှ အယ်ဒီတာများနှင့် သတင်းထောက်များသည် ဤကျင့်ဝတ်လမ်းညွှန်ပါ စံနှုန်းများအားလုံးကို ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။ အထူးသဖြင့် သတင်းဌာနများတွင် အောက်ပါ တာဝန်ဝတ္တရားများ ရှိနေသည်။

(က) ထုတ်ဝေသော သတင်းအချက်အလက်များအားလုံးသည် ကျင့်ဝတ်လမ်းညွှန်နှင့် ကိုက်ညီမှုရှိရမည်။

(ခ) ဝေဖန်တိုင်ကြားမှုများ အားလုံးကို မျှတစွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့်စနစ်တစ်ခု သတင်းဌာနအတွင်း ရှိနေစေရန် လိုအပ်သည်။ သတင်းဌာနသို့ ရောက်လာသော တိုင်ကြားချက်များနှင့်

မီဒီယာဘက်မှ ပြန်လည်တုန့်ပြန်ဖြေရှင်းမှုများအားလုံးကို မှတ်တမ်းအနေဖြင့် ကောင်စီ (IPCM) သို့ ပေးပို့နိုင်သည်။

(ဂ) မည်သည့်တိုင်ကြားချက်ကိုမဆို ဖြေရှင်းသည့် ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ တိုင်ကြားချက်နှင့်ပတ်သက်သည့် အပြီးသတ်ဆုံးဖြတ်ချက်ကိုလည်း လေးစားလိုက်နာသင့်သည်။

□

# မီဒီယာကျင့်ဝတ်များ

# ( Code of Conduct - CoC )

## ၁။ တိကျမှု၊ ဘက်မလိုက်မှုနှင့် မျှတမှု

၁.၁၊ သတင်းများ၊ မျက်မှောက်ဖြစ်ရပ်များ နှင့်ပတ်သက်ပြီး ဟန်ချက်ညီညီ၊ ဘက်မလိုက်ဘဲ မျှတစွာ ကိုင်တွယ်ဆောင်ရွက်ရမည်။ သတင်းနှင့် မျက်မှောက်ဖြစ်စဉ်များကို အစီရင်ခံတင်ပြရာနှင့် အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ရိုးသားစွာ ဆောင်ရွက်ရမည်။ မတိကျသော၊ အနက်ကောက်လွဲစေသော၊ ပုံဖျက်ထားသော အချက်အလက်များကို ဖြန့်ချိခြင်း မပြုလုပ်ရပါ။ သိနိုင်သမျှ ဆက်စပ်သော အကြောင်းအရာများ အားလုံးကိုဖော်ထုတ်ပြီး သတင်းရင်းမြစ်များကိုလည်း စစ်ဆေးရ

မည်။

၁.၂၊ အကယ်၍ မတိကျသော၊ အနက်ကောက်လွဲစေသော၊ ပုံဖျက်ထားသော အချက်အလက်များကို ဖော်ပြမိပါက အချိန်မဆိုင်းဘဲ ပြင်ဆင်ချက် ထုတ်ပြန်ရမည်။ ထိုမတိကျမှုကြောင့် ထိခိုက်နိုင်သော လူ/အဖွဲ့အစည်းများအားလုံးကိုလည်း ပြန်လည်ဖြေရှင်းတုန့်ပြန်ဆောင်ရွက်ခွင့်ပေးရမည်။

၁.၃၊ တစ်ဖက်သတ်လုပ်ကိုင်ခြင်းကို တတ်နိုင်သမျှ ရှောင်သင့်သည်။ မိမိတို့ ကိုင်စွဲထားသည့် စံနှုန်းများ၊ အတွေ့အကြုံများက သတင်းရေးသားသည့်အခါတွင် သက်ရောက်မှုရှိနိုင်သည်ကို သတိချပ်ပြီး သေချာစိစစ်သင့်သည်။

## ၂။ ဉာဏမူပိုင်ခွင့်နှင့် သတင်းတု/သတင်းမှားများ

၂.၁၊ အခြားသူတစ်ဦးတစ်ယောက် ထုတ်လုပ်ဖန်တီးထားသည့် သတင်း၊ ဓါတ်ပုံ၊ ဆောင်းပါး၊ ဝေဖန်သုံးသပ်ချက် စသည်တို့ကို မူရင်းဖန်တီးသူ၏ ခွင့်ပြုချက်မရရှိဘဲ ကူးယူဖော်ပြခြင်း မပြုရ။ ခွင့်ပြုချက်ရယူ၍ ဖော်ပြလျှင်လည်း မူလရင်းမြစ် အမည်နာမကို ဖော်ပြပေးရမည်။

၂.၂၊ သတင်းအတုနှင့် သတင်းအမှားများကို တတ်နိုင်သမျှ တားဆီးဖော်ထုတ်သွားရမည်။

၂.၃၊ သတင်းအမှားကို ဖေါ်ပြမိပါက ပြန်လည်ပြင်ဆင်ချက်

(သို့မဟုတ်) ဖြေရှင်းချက် အမြန်ဆုံးဖော်ပြပေးရမည်။ (အထူးသဖြင့် ယနေ့အွန်လိုင်းနှင့် ဆိုရှယ်မီဒီယာခေတ်တွင် ပိုမိုသတိပြုဖော်ပြရန်)

## ၃။ ပေါက်ကြားလာသော အကြောင်းအရာများ၊ ကန့်သတ်သတင်းအချက်အလက်များနှင့် သတင်းအရင်းအမြစ်ကို ကာကွယ်ခြင်း

၃.၁၊ သတင်းဌာနတစ်ခုသည် မရည်ရွယ်ဘဲ ပေါက်ကြားလာသော အစိုးရအဖွဲ့အပါအဝင် အစုအဖွဲ့ဆိုင်ရာ သတင်းအချက်အလက်များနှင့်အခြားသော အချက်အလက်၊ အထောက်အထားများကို (ဥပမာ နိုင်ငံရေးသမားများနှင့် ပြည်သူ့ဝန်ထမ်းများ၏ အချက်အလက်များ) အများပြည်သူ အကျိုးစီးပွားဖြစ်စေသည်ဟု ခိုင်လုံပါက လူသိရှင်ကြား ထုတ်ဖော်ခွင့်ရှိသည်။ မီဒီယာကျင့်ဝတ်က ဤအခွင့်အရေးကို ထောက်ခံသည်။

၃.၂၊ သတင်းဌာနများသည် လျှို့ဝှက်အပ်သော သတင်းရင်းမြစ်များကို လျှို့ဝှက်ပေးထားရန် ကျင့်ဝတ်အရ တာဝန်ရှိပြီး မီဒီယာလုပ်ငန်းစဉ်တစ်ရပ်လုံးတွင် ထိုလျှို့ဝှက်ချက်ကို အသိရှိရှိ လေးစားလိုက်နာရန် လိုအပ်သည်။ ထိုသို့ လျှို့ဝှက်ရန် တာဝန်ရှိမှုကို ဤမီဒီယာကျင့်ဝတ်က ထောက်ခံသည်။

## ၄။ ကိုယ်ရေးလွတ်လပ်ခွင့်နှင့် အများပြည်သူ အကျိုးစီးပွား

၄.၁၊ လူတစ်ဦးချင်းနှင့် မိသားစုများ၏ ပုဂ္ဂလိကဆိုင်ရာ သတင်းအချက်အလက်များကို ယင်းတို့၏ သဘောတူခွင့်ပြုချက်မပါဘဲ ဖော်ပြခြင်းတွင် အများပြည်သူ အကျိုးစီးပွားအတွက် ဖြစ်သည်ဟု အထင်အရှားပြနိုင်မှသာ တရားဝင်လျော်ကန်သည်ဟု သတ်မှတ်သည်။

၄.၂၊ အများပြည်သူ သိသင့်သည့် သတင်းမျိုးဖော်ပြခြင်းတွင် ဖြစ်လာနိုင်ချေရှိသည့် ဘေးအန္တရာယ်နှင့် အဆင်မပြေမှုများကို ချိန်ထိုးစဉ်းစားသင့်သည်။ သတင်းလိုက်ခြင်းသည် သူတပါးအား မထီမဲ့မြင်လုပ်ခွင့် သို့မဟုတ် အခွင့်မရှိဘဲ အတင်းအကြပ် မေးမြန်းခွင့်လိုင်စင်ပေးထားခြင်း မဟုတ်ပေ။

## ၅။ ဝမ်းနည်းကြေကွဲခြင်း၊ သေဆုံးခြင်းနှင့် ဘေးဒုက္ခရောက်ခြင်း

၅.၁၊ ဘေးဒုက္ခရောက်နေသူများ၊ ဝမ်းနည်းကြေကွဲနေသူများ၊ ပုဂ္ဂလိက ထိခိုက်နာကျင်မှုနှင့် တုန်လှုပ်ချောက်ခြားမှု ကြုံတွေ့နေသူများကို ချဉ်းကပ်ရာတွင် စာနာနားလည်မှုနှင့် ထောက်ထား ငဲ့ညှာမှုထားကာ ဆောင်ရွက်ရမည်။ ကျူးကျော်ဝင်ရောက်ခြင်းနှင့် မလျော်မကန် ချောင်းမြောင်းချဉ်းကပ်ခြင်းမျိုးကို ရှောင်ရှားရမည်။

၅.၂၊ သတင်းကြောင့် ထိခိုက်နိုင်မှုရှိသူတို့အတွက် ကိုယ်ချင်းစာပါ။ အထူးသဖြင့် အရွယ်မရောက်သေးသည့် လူငယ်များ၊ အဓမ္မပြုကျင့်ခံရသူများ၊ သတင်းအတွက် လိုလိုလားလား ခွင့်ပြုပေးနိုင်ရန်

အတွေ့အကြုံနနယ်သေးသူများ သို့မဟုတ် ခွင့်ပြုရန် အခြေအနေ မပေးသူများနှင့် ပတ်သက်ပြီး သတင်းလုပ်ရာတွင် အကဲဆတ်၊ ထိရှလွယ်သည့်အတွက် သတိကြီးကြီးထားသင့်သည်။

## ၆။ မှတ်တမ်းယူရာတွင် ကာယိန္ဒြေထိပါးခြင်း၊ အတင်းအကြပ် ရယူခြင်းနှင့် ချောင်းမြောင်းရယူခြင်း

၆.၁၊ ပုံမှန်အားဖြင့် မီဒီယာများသည် အင်တာဗျူးနှင့် သတင်းအချက်အလက်မှတ်တမ်းများရယူရာတွင် ခြိမ်းခြောက်ခြင်း၊ ကာယိန္ဒြေထိပါးစော်ကားခြင်း၊ အတင်းအကြပ် လိုက်လံတောင်းဆိုခြင်းနှင့် ကိုယ်ရေးလွတ်လပ်မှုနယ်ပယ်ထဲသို့ ရုပ်ဖျက်ဝင်ရောက်ခြင်း၊ ချောင်းမြောင်းနားထောင်ခြင်း၊ လျှို့ဝှက်ထောက်လှမ်းခြင်း စသည်တို့ကို ရှောင်ရှားရမည်။

၆.၂၊ အများပြည်သူအကျိုးစီးပွားအတွက်ဖြစ်ကြောင်း အခိုင်အမာ သက်သေပြနိုင်ခြင်းမရှိပါက အဖြေမရမချင်း မေးခွန်းမေးမြန်းခြင်း၊ ဖုန်းဆက်ခြင်း၊ နောက်မှလိုက်ခြင်းတို့တွင် ကာယကံရှင်က ငြင်းဆိုခြင်း သို့မဟုတ် ပိုင်နက်အတွင်းမှ ထွက်ခွာသွားရန် တောင်းဆိုခြင်း ခံရပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်းမပြုလုပ်ရ။ ထိုသို့ဖြစ်ပြီးနောက်တွင်လည်း ထိုပုဂ္ဂိုလ်များထံသို့ ထပ်မံချဉ်းကပ်ခြင်း မပြုလုပ်သင့်ပေ။

၆.၃၊ လျှို့ဝှက်ကင်မရာများနှင့် အသံဖမ်းစက်များ အသုံးပြုကာ

ရယူသော အချက်အလက်မှတ်တမ်းသည် အများပြည်သူအကျိုးစီးပွားအတွက်ဖြစ်ကြောင်း အသေအချာ သက်သေပြနိုင်ခြင်း၊ ထိုအချက်အလက်သည် သတင်း၏တရားဝင်မှုနှင့် ခိုင်လုံမှန်ကန်မှုအတွက် အလွန်အရေးပါသော အချက်အလက်ဖြစ်ခြင်း၊ အခြားသောတရားဝင်နည်းလမ်းများဖြင့် ရရှိနိုင်ရန် လုံးဝမဖြစ်နိုင်ခြင်း စသောအခြေအနေများတွင် အကြီးတန်းအယ်ဒီတာမှ တိကျရှင်းလင်းစွာသဘောတူခွင့်ပြုသော အခြေအနေမျိုးမှသာ တရားဝင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၆.၄၊ လျှို့ဝှက်အသံဖမ်းခြင်းကို တရားဝင်ခွင့်ပြုသော အခြေအနေမျိုးမှအပ တယ်လီဖုန်း ဆက်သွယ်ပြောဆိုမှုများကို အသံဖမ်းယူမည်ဆိုပါက ကြိုတင်အသိပေးရမည်။

## ၇။ အယောင်ဆောင်၊ လှည့်စားခြင်း

၇.၁၊ သတင်းအချက်အလက်များကို ရရှိရန်အတွက် ရိုးသားသောနည်းလမ်းဖြင့် မိမိမည်သူမည်ဝါဆိုသည်နှင့် မည်သည့်အဖွဲ့အစည်းကို ကိုယ်စားပြုကြောင်း ရှင်းလင်းစွာဖော်ပြပြီး ဆောင်ရွက်ရမည်။ အများပြည်သူအကျိုးစီးပွားဖြစ်ကြောင်း အခိုင်အမာသက်သေပြနိုင်ပြီး အခြားနည်းလမ်းများဖြင့် သတင်းရရှိနိုင်ခြင်းမရှိသော အခြေအနေမျိုးဖြစ်မှအပ မည်သူမည်ဝါဆိုသည်ကို လွှဲပြောင်းပြောဆိုခြင်းနှင့် အခြားအလားတူ နည်းလမ်းများကို အသုံးပြုခြင်းမပြုရ။

၇.၂၊ အများပြည်သူအတွက် မဖြစ်မနေသိသင့်သည့် သတင်းအချက်အလက်များကို သမားရိုးကျနည်းလမ်းများဖြင့် တရားဝင်ချဉ်းကပ်မေးမြန်းသည့် နည်းလမ်းများဖြင့် မရနိုင်သည့်အခါမှသာအသွင်ယူခြင်း၊ လျှို့ဝှက်စုံစမ်းသည့် နည်းလမ်းများကို သတင်းရယူရာတွင် သုံးသင့်သည်။

## ၈။ အင်တာဗျူးခြင်း

၈.၁၊ သမားရိုးကျအင်တာဗျူးများကို မျှတစွာနှင့် ရိုးဖြောင့်စွာစီစဉ်ခြင်း၊ မေးမြန်းခြင်းနှင့် တည်းဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။ အင်တာဗျူးဖြေဆိုမည့်သူများသည်လည်း အင်တာဗျူး၏ အစီအစဉ်ပုံစံနှင့် အကြောင်းအရာများကို ကြိုတင်သိရှိပိုင်ခွင့်ရှိသည်။ (အကြောင်းအရာ အသေးစိတ်များကို ကြိုတင်ပြောထားရန် မလို။) ရုပ်သံအင်တာဗျူးဖြစ်ပါက တိုက်ရိုက်ထုတ်လွှင့်မည်သို့ မှတ်တမ်းတင်မည်ကို ကြိုတင် အသိပေးထားရမည်။

၈.၂၊ အကယ်၍အင်တာဗျူးခံရန် လျာထားသောသူက အင်တာဗျူးနှင့်ပတ်သက်ပြီး သူလိုလားသောအချက်များကို အတင်းအကြပ်တောင်းဆိုလာပါက (အခြားအင်တာဗျူးခံပုဂ္ဂိုလ်များနှင့် အတူယှဉ်တွဲဖော်ပြခြင်းကို ကြိုတင်ငြင်းဆိုခြင်း၊ တစုံတရာတည်းဖြတ်ခြင်းမပြုရန် တောင်းဆိုခြင်း၊ မေးခွန်းများကို ရွေးချယ်ဖြေကြားရန်အတွက် ကြိုတင်ပေးပို့ရန် တောင်းဆိုခြင်း စသည်) သတင်းဌာနအနေဖြင့် အင်

တာဗျူးရန် ကမ်းလှမ်းချက်ကို ရုပ်သိမ်းနိုင်သည်။ ထိုတောင်းဆိုချက်များကိုလိုက်လျောခဲ့ပါကလည်းမည်သည့်အချက်များကိုလိုက်လျောခဲ့ကြောင်း ရှင်းလင်းစွာ ထည့်သွင်းဖော်ပြရမည်။

၈.၃၊ မည်သူမဆို မီဒီယာအစီအစဉ်များနှင့် အင်တာဗျူးများတွင် ပါဝင်ခြင်းကို ငြင်းဆိုရန် အခွင့်အရေးရှိသည်။ ထိုသို့ငြင်းဆိုကြောင်းကိုလည်း အခြားအဓိပ္ပါယ်တစ်စုံတရာ သက်ရောက်ခြင်းမရှိသော အသုံးအနှုန်းများဖြင့် မီဒီယာတွင် ဖော်ပြနိုင်သည်။ (ဥပမာ - အင်တာဗျူး ကမ်းလှမ်းခြင်းကို ငြင်းဆိုသည်၊ မှတ်ချက်တစုံတရာ ပေးနိုင်ခြင်း မရှိပါ စသည်) မီဒီယာများသည် တိုက်ရိုက်အင်တာဗျူးထားခြင်း မရှိသူများ၏ လူသိထင်ရှား ထုတ်ဖော်ပြောကြားထားပြီးဖြစ်သော မှတ်ချက်များကို မျှတစွာနှင့် ဘက်လိုက်ခြင်း အလျဉ်းမရှိဘဲ ထည့်သွင်းဖော်ပြနိုင်သည်။

၈.၄၊ အင်တာဗျူးတင်ဆက်ခြင်းနှင့် တည်းဖြတ်ခြင်းတို့တွင် အင်တာဗျူးဖြေဆိုသူ၏ သဘောထားရပ်တည်ချက်များကို ပုံဖျက်ခြင်း သို့မဟုတ် မမှန်မကန် ပြန်လည်ဖော်ပြခြင်း မပြုလုပ်ရ။

၈.၅၊ အကြောင်းခိုင်လုံစွာမရှိဘဲနှင့် အင်တာဗျူးဖြေဆိုသူကို အမည်မဖော်လိုသူအဖြစ် ဖြေဆိုခွင့်မပြုရ။

၈.၆၊ အများပြည်သူအကျိုးစီးပွားအတွက် လိုအပ်သော သတင်းအချက်အလက်များကို ရရှိရန်အတွက် တိုက်ရိုက်ချဉ်းကပ်ရန် မဖြစ်နိုင်ခြင်း သို့မဟုတ် တိုက်ရိုက်ချဉ်းကပ်ပါက အထောက်အထား ဆုံးရှုံး

ခြင်းနှင့် သတင်းထိန်ချန်ခြင်းတို့ ဖြစ်နိုင်သောအခြေအနေမျိုးမှအပ ကြိုတင်အကြောင်းမကြားဘဲ ရှောင်တခင်အင်တာဗျူး မေးမြန်းခြင်းကို ရှောင်ကြဉ်ရမည်။

## ၉။ ခွဲခြားဆက်ဆံခြင်း

၉.၁၊ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်မှု၊ လိင်၊ လိင်တိမ်းညွှတ်မှု၊ အသက်အရွယ်၊ ကိုယ်ကာယပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုနှင့် နာမကျန်းဖျားနာမှုတို့နှင့်ပတ်သက်ပြီး ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် နှိမ့်ချခြင်းအဓိပ္ပါယ်သက်ရောက်စေသော မည်သည့် အသုံးအနှုန်း၊ တင်ဆက်မှုမျိုးကိုမှ မပြုလုပ်ရ။

၉.၂၊ သတင်းတင်ပြမှုတွင် တိုက်ရိုက်သက်ဆိုင်ခြင်း၊ ဖတ်ရှုသူ၊ နားဆင်ကြည့်ရှုသူများ၏ အကြောင်းအရာအပေါ် နားလည်မှုကို ထူးထူးကဲကဲ သက်ရောက်စေခြင်းရှိသော အခြေအနေများမှအပ အထက်ပါ ဝိသေသများကို မီဒီယာများတွင် ထည့်သွင်းဖော်ပြခြင်း မပြုရ။ ထိခိုက်လွယ်သော အုပ်စုများအား အထက်ပါဝိသေသရည် ညွှန်းချက်များဖြင့် တွဲဖက်ဖော်ပြမည်ဆိုပါက အထူးသတိပြုသင့်သည်။

၉.၃၊ အများပြည်သူ အကျိုးစီးပွားနှင့်ဆက်စပ်သော မည်သည့် အကြောင်းအရာကိုမဆို မီဒီယာများအနေဖြင့် လွတ်လပ်စွာဖော်ပြခွင့်နှင့် ဝေဖန်သုံးသပ်ခွင့်ရှိသည်။ သို့ရာတွင် လူမျိုးရေး သို့မဟုတ် အုပ်စုအချင်းချင်း အမုန်းတရားများနှင့် သဘောကွဲလွဲမှုများကို အား

ပေးလှုံ့ဆော်ခြင်း မပြုမိစေရန် အထူးသတိပြုရမည်။

## ၁၀။ ကိုးကွယ်ယုံကြည်မှု

၁၀.၁။ ကိုးကွယ်ယုံကြည်သူများ၏ ဆိုင်ရာဘာသာတရား၊ အယူအသီးသီး၏အရေးပါမှုကို မီဒီယာများအနေဖြင့် ကောင်းစွာနားလည် လေးစားရမည်။ မြန်မာနိုင်ငံကဲ့သို့ ကိုးကွယ်ယုံကြည်မှုမျိုးစုံရှိနေသောလူ့အဖွဲ့အစည်းများတွင် ဘာသာရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်ပြီး နားလည်မှုရှိရှိနှင့် မျှတသော ရေးသားတင်ဆက်မှုမျိုးမှာ အထူးအရေးတကြီး လိုအပ်သည်။ ဘာသာရေးနှင့် ဆိုင်သော အကြောင်းအရာ၊ ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး မရည်ရွယ်သောအမှားများ၊ မလိုအပ်ဘဲ တင်စားခိုင်းနှိုင်းမှုများနှင့် ထိပါးမှုများသည် ကိုးကွယ်ယုံကြည်သူများကို မည်သို့ထိခိုက် စော်ကားမှုများ ဖြစ်စေသည်ကို ကောင်းစွာ နားလည်ဂရုပြုရမည်။

၁၀.၂။ ရုပ်သံနှင့် ရေဒီယိုများတွင် ထုတ်လွှင့်သော ဘာသာရေးဆိုင်ရာအစီအစဉ်များသည်လည်း နာယူသူများကို အကြောက်တရားသုံးပြီး ဩဇာလွှမ်းရန်ကြိုးစားခြင်း၊ လက်တွေ့သက်သေပြ၊ အကောင်အထည်ဖော်ရန် မဖြစ်နိုင်သော သဘာဝလွန်တန်ခိုးထူးများကိုသက်ရှိလူသားတစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်အနေဖြင့်ရမည်ဟု ကြွေးကြော်၊ ဟောပြောခြင်း သို့မဟုတ် အခြားဘာသာဝင်များကို ထိပါး၊ နှိမ့်ချခြင်းများ လုံးဝမရှိစေရ။

၁၀.၃၊ လူမျိုးရေး၊ ဘာသာရေး၊ အယူဝါဒရေးဆိုင်ရာ လူမှုပဋိပက္ခများဖြစ်ပွားစေရန် လှုံ့ဆော်အားပေးသည့် သတင်း၊ ဆောင်းပါး၊ ဝေဖန်စာ စသည်တို့ကို ဖော်ပြခြင်းမှ ရှောင်ကြဉ်ရမည်။

## ၁၁။ ကလေးသူငယ်များ

၁၁.၁၊ ကလေးသူငယ်များကို မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ ခွင့်ပြုချက်မရဘဲ သို့မဟုတ် ယင်းတို့၏ မျက်မှောက်မဟုတ်ဘဲနှင့် အင်တာဗျူးခြင်း မပြုလုပ်ရပါ။ အထူးသဖြင့် ကာယကံရှင် ကလေးနှင့် အခြားကလေးများ၏ ဘဝသာယာဝပြောရေးနှင့်ပတ်သက်သည့် အင်တာဗျူးများ ပြုလုပ်သည့်အခါတွင် အထူးအရေးကြီးသည်။ အများပြည်သူအကျိုးစီးပွားအတွက် အထူးအရေးကြီးသည့်အခါမျိုးမှလွဲ၍ ဤပရော်ဖက်ရှင်နယ် ကျင့်ဝတ်လိုအပ်ချက်ကို ရှောင်လွှဲခြင်း မပြုလုပ်ရ။

၁၁.၂၊ ကျောင်းအုပ်ချုပ်ရေးအာဏာပိုင်များ ၏ ခွင့်ပြုချက်မရဘဲ ကျောင်းပရဝဏ်အတွင်း ကျောင်းသားများကို ချဉ်းကပ်ခြင်း၊ အင်တာဗျူးခြင်း မပြုလုပ်ရပါ။

၁၁.၃၊ ကလေးမိဘများ၏ ထင်ရှားမှု၊ အမည်ဆိုးကျော်ကြားမှုနှင့် ရာထူးဌာန္တရတို့ကို အကြောင်းပြုပြီး ကလေး၏ ဘဝအကြောင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖော်ပြ ခြင်းမပြုရ။

၁၁.၄၊ ကလေး၏ဘဝနှင့်ဆိုင်သော အကြောင်းအရာများကို ဖော်

ပြရန်အတွက် ကလေးကို အခကြေးငွေပေးခြင်း၊ ကလေး သို့မဟုတ် အုပ်ထိန်းခံအကြောင်းကို ဖော်ပြရန်အတွက် မိဘအုပ်ထိန်းသူများကို အခကြေးငွေပေးခြင်းမျိုးကို ဆောင်ရွက်ခြင်းမပြုရ။

## ၁၂။ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုကျူးလွန်ခြင်းခံရသူများ

၁၂.၁၊ လိင်ပိုင်းဆိုင်ရာရာဇဝတ်မှုကျူးလွန်ခြင်းခံရသောဓားစာခံများကို မည်သူမည်ဝါဖော်ပြခြင်း၊ ယင်းတို့မည်သူမည်ဝါဆိုသည်ကို သိရှိနိုင်သော အထောက်အထားများဖော်ပြခြင်း မပြုလုပ်ရပါ။ ဥပဒေကြောင်းအရ ခွင့်ပြုချက်ရရှိပြီး အများပြည်သူအကျိုးစီးပွားကိုလည်း အထောက်အပံ့ပေးနိုင်မည်ဟု သက်သေပြနိုင်သောအခါမျိုးမှလွဲ၍ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများတွင် သက်သေအဖြစ်ပါဝင်နေသော ကလေးသူငယ်များကိုလည်း မည်သူမည်ဝါဟု ဖော်ပြခြင်း မပြုလုပ်ရပါ။

၁၂.၂၊ ကလေးသူငယ်များပေါ် ကျူးလွန်သည်ဟု စွပ်စွဲခံရသော လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများတွင် ကလေးသူငယ်များကို မည်သူမည်ဝါ ဖော်ပြခြင်းမပြုလုပ်ရ။ အရွယ်ရောက်ပြီး စွပ်စွဲခံရသူကိုမူ ဖော်ပြနိုင်သည်။ ကလေးနှင့် စွပ်စွဲခံရသူတို့တွင် နီးကပ်သော ဆက်ဆံရေးရှိပါကလည်း ဖော်ပြခြင်း မပြုလုပ်ရပါ။

## ၁၃။ လိင်ပိုင်းဆိုင်ရာအပြုအမူများကို သရုပ်ဖော်တင်ပြခြင်း

၁၃.၁။ လိင်ပိုင်းဆိုင်ရာ အပြုအမူများနှင့် ဆောင်ရွက်ချက်များကို တင်ပြခြင်း၊ ပြန်လည်ဖော်ပြခြင်းများ ပြုလုပ်ရာတွင် အများပြည်သူ ဖတ်ရှုနားဆင်၍ အမြင်မတင့်တယ်ခြင်း၊ ကြည့်ရှုသူများ စိတ်မသက် မသာဖြစ်ခြင်းများ မရှိစေရန် အထူးသတိပြုရမည်။

## ၁၄။ ရုပ်သံနှင့် ဓာတ်ပုံ ဖော်ပြထုတ်လွှင့်မှုများတွင် အကြမ်းဖက် သွေးထွက်သံယိုမှုများကို တင်ပြခြင်း

၁၄.၁။ ရုပ်သံထုတ်လွှင့်သူများသည် အကြမ်းဖက်မှုများ၏ တကယ့်သရုပ်မှန်၊ သို့မဟုတ် ခြိမ်းခြောက်မှု (အကြောင်းအရာများနှင့် ရက်စက်ကြမ်းကြုတ်မှုများ) ကို အစီအစဉ်တွင် ထည့်သွင်းတင်ပြရန် အတွက် ခိုင်လုံသော အကြောင်းပြချက် များရှိရမည်။ အစီအစဉ်၏ပြီး ပြည့်စုံမှု၊ မှန်ကန်မှုနှင့် ထောင့်စေ့မှုတို့အတွက် လိုအပ်ကြောင်း သက် သေပြနိုင်ခြင်းမရှိဘဲ ထိုသို့အသေးစိတ်ဖော်ပြခြင်း မပြုရပါ။

၁၄.၂။ အကြမ်းဖက်မှုများကို အသေးစိတ်ပုံပေါ်အောင် ဖော်ပြ ခြင်း၊ အစအဆုံး သရုပ်ဖော်တင်ဆက်ခြင်းမျိုးကို ရှောင်ရှားသင့်သည်။ အထူးသဖြင့် ဖော်ပြမည့် အကြမ်းဖက်မှုပုံစံများကို အလွယ်တကူ အတုခိုးနိုင်သောအခါ သို့မဟုတ် ကလေးသူငယ်များ အလွယ်တကူ လက်လှမ်းမီသော မီးဖိုချောင်သုံးဓား၊ အိမ်သုံးဓာတုပစ္စည်းများ စသောပစ္စည်းများဖြင့် အကြမ်းဖက်မှုကျူးလွန်သောအခါမျိုးများတွင်

အသေးစိတ်ဖော်ပြခြင်းများကိုရှောင်ရှားသင့်သည်။ အလားတူပင်မိမိကိုယ်ကို အဆုံးစီရင်မှုများနှင့် အဆုံးစီရင်ရန် ကြိုးပမ်းမှုများကိုလည်း အသေးစိတ်ဖော်ပြခြင်း မပြုလုပ်ရ။

၁၄.၃၊ ထိန်းကျောင်းမှု လူမှုစံနှုန်း (Community Standard) အထူးတလည် စောင့်ကြည့်မှုမရှိသည့် လူမှုကွန်ရက်မီဒီယာများနှင့် ဒီဂျစ်တယ် ပလက်ဖောင်းများတွင် တင်ဆက်သည့်အခါတွင်လည်း ယခုလမ်းညွှန်က ဖော်ပြထားသော ကျင့်ဝတ်စံနှုန်းများကို လိုက်နာစောင့်ထိန်းသွားရန် လိုအပ်သည်။

## ၁၅။ လူမှုစံနှုန်းများနှင့် ဖီလာဖြစ်သော အပြုအမူများ

၁၅.၁၊ လူမှုနှုန်းစံများနှင့် ဖီလာဖြစ်သော အပြုအမူများကို သတင်းတင်ပြရာတွင် ယင်းအပြုအမူများကို အတုခိုးခြင်း သို့မဟုတ် စမ်းသပ်ပြုလုပ်ကြည့်ခြင်းကို အားပေးရာရောက်သော ဆွဲဆောင်မှုဖြစ်စေသည့် အရေးအသားဖော်ပြမှုများ၊ သတင်းပေးပို့မှုများနှင့် သရုပ်ဖော်တင်ဆက်မှုများကို ရှောင်ကြဉ်ရမည်။

၁၅.၂၊ သတင်းတင်ဆက်မှုအတွက် တိုက်ရိုက်ဆက်စပ်ပတ်သက်သော အခြေအနေမျိုးမှလွဲ၍ စွပ်စွဲခံရသော သို့မဟုတ် ပြစ်မှုထင်ရှားကြောင်း စီရင်ချက်ချမှတ်ခြင်း ခံရသောသူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများကို ပုံမှန်အားဖြင့် မည်သူမည်ဝါ အမည်တပ်ပြီး ဖော်ပြခြင်း မပြုရ။

## ၁၆။ ဥပဒေထိန်းကျောင်းရေးအဖွဲ့များနှင့် အာဏာပိုင် အဖွဲ့အစည်းများနှင့် ဆက်ဆံရေး

၁၆.၁၊ မီဒီယာလုပ်ငန်း လုပ်ကိုင်သူများ သည် ရဲတပ်ဖွဲ့ကဲ့သို့သော ဥပဒေထိန်းသိမ်း/ဖော်ဆောင်ရေး လုံခြုံရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ သတင်းပေး (informant) အဖြစ် ဆောင်ရွက်ခြင်း မပြုရပါ။ ထိုကဲ့သို့ လုပ်ကိုင်နေပါက အချို့သော အခြေအနေများတွင် အယ်ဒီတာများ၏ လွတ်လပ်မှုနှင့် မီဒီယာသမားများအတွက် အန္တရာယ်ကျရောက်နိုင်ခြေရှိသောကြောင့် ဖြစ်သည်။

၁၆.၂၊ မှုခင်းသတင်းထောက်အနေဖြင့် (မည်သည့်) သတင်းတပ်ဖွဲ့များ၌မဆို တာဝန်ထမ်းဆောင်နေသူများကို သတင်းထောက်များအဖြစ် လွတ်လပ်သော မြန်မာ သတင်းမီဒီယာကောင်စီက အသိအမှတ်မပြုပါ။

## ၁၇။ ပုဂ္ဂလအကျိုးစီးပွားများနှင့် ဩဇာလွှမ်းမိုးမှုများ

၁၇.၁၊ မီဒီယာလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ကြသူများသည် ၎င်းတို့၏ ပုဂ္ဂလိက သို့မဟုတ် မိသားစု အကျိုးစီးပွားများက ပရော်ဖက်ရှင်နယ် တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် ဩဇာလွှမ်းမိုးခြင်းကို ခွင့်မပြုရပါ။

၁၇.၂၊ ထို့အပြင် အခကြေးငွေ၊ တံစိုးလက်ဆောင်၊ အကျိုးခံစား

ခွင့် သို့မဟုတ် စီးပွားရေးကြော်ငြာများ ထည့်သွင်းမှုနှင့် အခြားစီးပွားရေး အကျိုးရလဒ်များကို အခြေခံပြီး ဩဇာလွှမ်းမိုးခံခြင်း မရှိစေရန်လည်း ရှောင်ကြဉ်ရမည်။

၁၇.၃၊ မီဒီယာလုပ်ငန်းလုပ်ကိုင်ရင်း ရရှိသော ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူသိရှိအောင် ထုတ်ပြန်ခြင်းမပြုမီ မိမိတို့၏ သို့မဟုတ် မိသားစု ပုဂ္ဂလိက အကျိုးစီးပွားအတွက် အသုံးချခြင်းဖြစ်စေ၊ အခြားသူများကို လွှဲပြောင်းပေးအပ်ခြင်းများ မပြုလုပ်ရပါ။

၁၇.၄၊ ငွေကြေး၊ အခွင့်အရေး၊ လာဘ်လာဘ၊ တံစိုးလက်ဆောင်တစုံတရာ မျှော်ကိုး၍ဖြစ်စေ၊ ရယူ၍ဖြစ်စေ မည်သူတစ်ဦးတစ်ယောက်အတွက်မျှ ဘက်လိုက်သတင်းမရေးသား ရ။

၁၇.၅၊ နိုင်ငံရေးအဖွဲ့အစည်း၊ စီးပွားရေး အဖွဲ့အစည်း၊ အာဏာပိုင်အဖွဲ့အစည်း စသည့် အဖွဲ့အစည်းတစ်ခုခု၏ ဩဇာကြောင့် မမှန်သတင်း၊ ဝါဒဖြန့်သတင်း စသဖြင့် ဘက်လိုက်ရေးသားခြင်း မပြုရ။

□

## တသီးပုဂ္ဂလများ၏ အခြေခံရပိုင်ခွင့်များနှင့် အငြင်းပွားမှု ဖြေရှင်းရေးစနစ်

သတင်းဌာနတစ်ခုသည် ဤကျင့်ဝတ်လမ်းညွှန်တွင် ဖော်ပြထားသော ကျင့်ဝတ်စံနှုန်းများကို လိုက်နာကျင့်သုံးခြင်းမရှိဟု ယူဆပါက မီဒီယာကောင်စီထံသို့ ကန့်ကွက်တိုင်ကြားချက်ကို တင်သွင်းနိုင်သည်။ သို့မဟုတ် အဆိုပါသတင်းဌာနသို့လည်း တိုက်ရိုက်စာဒကတက် ကန့်ကွက်ချက်ကို ပို့နိုင်သည်။ ဤကျင့်ဝတ်လမ်းညွှန်ကို ချိုးဖောက်နိုင်ချေရှိသော အရေးကြီးသည့်ကိစ္စရပ်များအတွက် တိုင်တန်းချက်များအားလုံးကို ကောင်စီက ဂရုတစိုက်နှင့် အချိန်ကိုက် လေ့လာသုံးသပ်ပြီး တိုင်ကြားသူနှင့် အတိုင်ကြားခံရသည့် မီဒီယာနှစ်ခုစလုံးကိုလည်း တင်ပြမှုအခွင့်အရေးများ ပေးရန်လိုသည်။

ကောင်စီအနေနှင့် ဤကျင့်ဝတ်လမ်းညွှန်ချက်ကို ချိုးဖောက်သည်ဟု ဖော်ထုတ်တွေ့ရှိပါက ထိုချိုးဖောက်မှုကို ကုစားနိုင်ရန်အ

တွက် အောက်ပါတို့အနက်မှ တစ်ခု သို့မဟုတ် အများကို ဆောင်ရွက်နိုင်သည်။

(က) မည်သည့်သတင်းဌာနသည် ဤကျင့်ဝတ်လမ်းညွှန်ကို မည်သို့ချိုးဖောက်သည်နှင့် မည်သို့အကျိုးဆက်ဖြစ်စေသည်ကို ရှင်းလင်းဖော်ပြထားသော အများပြည်သူထံ ကြေညာချက်ထုတ်ပြန်ခြင်း

(ခ) သတင်းဌာနအနေဖြင့်နစ်နာတိုင်ကြားသူအားဝန်ချတောင်းပန်စေရန် လမ်းညွှန်ဆောင်ရွက်ခြင်း

(ဂ) သတင်းဌာနအား ၎င်း မှားယွင်းဖြန့်ချိခဲ့သော အချက်အလက်များကိုပြန်လည်ပြင်ဆင်ပေးသည့်အမှားပြင်ဆင်ချက်ထုတ်ပြန်စေရန် လမ်းညွှန်ဆောင်ရွက်ခြင်း

(ဃ) သတင်းဌာနအားတိုင်ကြားသူများသည်ဖြေရှင်းအကြောင်းပြန်ကြားရန် အခွင့်ရှိကြောင်း လမ်းညွှန်ဆောင်ရွက်ခြင်း

(င) သတင်းဌာနအား မီဒီယာကျင့်ဝတ်လမ်းညွှန်ကို အထင်အရှားချိုးဖောက်ကြောင်း ကောင်စီ၏ တွေ့ရှိချက်များ၊ စုံစမ်းစစ်ဆေးမှုနှင့်ဆက်နွှယ်သည့် ကောင်စီညွှန်ကြားချက်များအပါအဝင် ကောင်စီ၏ ဆုံးဖြတ်စီရင်ချက်များ အားလုံးကို သတင်းဖြန့်ချိပေးရန် လမ်းညွှန်ဆောင်ရွက်ခြင်း

(စ) အဖွဲ့ဝင် သတင်းဌာနနှင့် အခြားလွတ်လပ်သော သတင်းဌာနများ၏သတင်းများကို ငွေကြေးအကျိုးအမြတ်အတွက်သော်လည်းကောင်း၊ အခြားသောရည်ရွယ်ချက်ဖြင့်သော်လည်းကောင်း

ကူးယူဖော်ပြနေသူများကို ဆက်လက်မလုပ်ဆောင်စေရန် သတိပေး အကြောင်းကြားခြင်း၊ တားမြစ်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်အရေးယူခြင်းနှင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်း စသော နည်းလမ်းများကို ကောင်းစွာ အသုံးပြုဆောင်ရွက်ခြင်း။

**- - End - -**